# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၂၇ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် )

## တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ " **တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းကော်မရှင်** " ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင်များ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးစီ<br>(လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု) | အဖွဲ့ဝင် |
| (ဃ) | အတွင်းရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး / ပြည်နယ်ဒေသန္တရစီမံကိန်းများကို နိုင်ငံတော်၏ မူနှင့် ကိုက်ညီခြင်းရှိ မရှိ စိစစ်အတည်ပြုခြင်း၊

(ခ) နှစ်စဉ်၊ ကာလလတ်နှင့် ကာလရှည်ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြုခြင်း၊

(ဂ) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးချနိုင်မည့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းနှင့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် အရင်းအနှီးပမာဏ ရယူမည့် ဇာစ်မြစ်ကို လမ်းညွှန်မှုပြုခြင်း၊

(ဃ) တိုင်းဒေသကြီး / ပြည်နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အမျိုးသားစီမံကိန်းကော်မရှင်သို့တင်ပြ၍ လမ်းညွှန်မှုတောင်းခံခြင်း၊

(င) သဘောတူပြီးဖြစ်သည့် တိုင်းဒေသကြီး / ပြည်နယ်လုပ်ငန်းစီမံကိန်းများကို တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၈ - ၃ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး